

ကမ္ဘာပျက်ပုံ ကမ္ဘာတည်ပုံ

ဆုတ်ခေတ်၊ တက်ခေတ်

မဟာဂန္ဓာရုံ
အရှင်ဝိဂုဏ်ယာလင်္ကာရ

သာသနာ - ၂၅၆၃ ကောဏာ - ၁၃၈၁ ခရစ် - ၂၀၂၀

အဆိုးဆုံးကိုအကောင်းဆုံးခံအောင်ဖန်တီးသူ

ဆရာတော် ဦးဝိဇယာလင်္ကာရနှင့် မိမိသည် ငယ်ပေါင်း သူငယ်ချင်းများ မဟုတ်ပါ။ လွန်ခဲ့သော ဆယ်စုနှစ် တစ်ခုကျော်လောက်ကSEM အဖွဲ့၏ အစီ အစဉ်ဖြင့် ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံများ သို့ လေ့လာ ရေးခရီးတွင် စတင် ဆုံတွေ့ဖူးခြင်းဖြစ်သည် ။ သို့ရာတွင် မိမိနှင့် ဆရာတော် ဦးဝိဇယာလင်္ကာရတို့ ၏ ဆက်ဆံ ရေးကား ပြတ်သွားခြင်း မရှိဘဲ ယနေ့တိုင် တည်မြဲလျက် ပင် ရှိခဲ့သည် ။ ယင်းသို့ ဆယ်စုနှစ်ကျော် တစ်လျှောက် လုံး ဆက်သွယ်မှု ပြတ်မသွားခြင်းမှာ တစ်ပါးသူအား စိတ်အနှောက် အယှက်မဖြစ်ရေး ဦးစားပေး ဆက်ဆံ လေ့ရှိသည့် ၎င်းစိတ်ထားကြောင့်ဟု ဆိုနိုင်သလို၊ မိမိ သိလိုသောအကြောင်း အရာများကို မေးလိုက်တိုင်း တုန့်ဆိုင်းခြင်းမရှိ အလွယ်တကူ ပြောဆိုနိုင်သော ဗဟု သုတကြွယ်ဝမှုကြောင့်ဟု ဆို လျှင်လည်း မှားမည် မဟုတ်ပါ ။

တစ်နေ့တွင် မိမိထံ ဖုန်းဆက်လာသည် ။ ၎င်းရေး နေဆဲစာအုပ်နှင့် ပတ်သက်သော သမိုင်းအချက်အလက် သိလိုခြင် ဟု ဆို၏။ ဆရာတော် ဦးဝိဇယာလင်္ကာရ သိလို သော သမိုင်းအချက်အလက် ပါဝင်သည့် စာအုပ်ကို ညွှန်ပြလိုက်ပြီးနောက် အကြံပေးသလိုလိုနှင့် လူတတ် ကြီးလုပ်ပြီး လျှောက်ထားမိလေသည် ။ အရှင်ဘုရားရေးသော စာအုပ်တွင် ပရိသတ်ကို ဘာပေးချင်တာလဲ။ ကိုယ်ပေးလိုသည့် အကြောင်း အရာကို

စာဖတ်သူရရှိအောင် ပုံဖော်ရေးနိုင်ဖို့ လိုအပ် ကြောင်း မိကျောင်းမင်း ရေခင်းပြ လုပ်မိသွား၏။ တစ်နေ့တွင် မမျှော်လင့်ဘဲ မိမိထံ ဦးဝိဇယာ လင်္ကာရ ဆိုက်ရောက် လာပြီး အမှာ စာရေးပေးဖို့ ပြောရင်း စာမူကို ပေးအပ်ခဲ့သည် ။ "ကမ္ဘာပျက်ပုံ ကမ္ဘာတည်ပုံ"ဟူသော စာအုပ်နာမည်ကို စိတ်ဝင်စား သဖြင့် ဖတ်ရှုရာ ဝါကျတည်ဆောက်ရာမှာ တို သလောက် ဦးနှောက်ထဲ လျှောကနဲ ဝင်သွားအောင် ရှင်းလင်းစွာ ရေးသားနိုင်စွမ်းရှိကြောင်း တွေ့ရလေသည် ။

"**ကမ္ဘာပျက်ပုံ ကမ္ဘာတည်ပုံ**" စာအုပ်သည် ဘာသာရေးသက်သက် စာအုပ် မဟုတ်ပေ။ လူတွေမှီတင်းနေထိုင်ရာ ကမ္ဘာလောကကြီး အကြောင်းကို လူတွေသိရန် ဖော်ကျူးရေးသားထားသည့် စာအုပ် ဖြစ်သည် ။ တစ်နည်းအားဖြင့် ဆိုသော် စာဖတ်ပရိသတ်အား "အဆိုးဆုံး အခြေအနေတို့ ကို ကျော်လွှား လွန်မြောက်ပြီး အဆိုးဆုံးကို အကောင်းဆုံးဖြစ်အောင် ပြောင်းလဲ ဖန်တီးယူတတ်ဖို့ " လမ်းညွှန်ပြသ ပေးထားသော စာအုပ် ကောင်းတစ်အုပ်ဟု ဆိုချင်ပါ၏။

ဘဒ္ဒန္တကောသလ္လ

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ

စံပြသာသနာပြုကျောင်းတိုက်

တံတားလေးလမ်းဆုံ၊ မရမ်းကုန်းမြို့နယ်

ရန်ကုန်မြို့၊ (၁၆.၁၀.၁၁)

*****

နိဒါန်း

နာမည်သစ်ဖြင့် ထုတ်ဝေခြင်း

ဤစာအုပ်သည် "အဆိုးဆုံးကို အကောင်းဆုံးဖြစ်အောင်"ဟူသော နာမည်ဖြင့် ၂၀၁၂ ခုနှစ်၌ တစ်ကြိမ်၊ ၂၀၁၃ ခုနှစ်၌ တစ်ကြိမ်အားဖြင့် နှစ်ကြိမ်တိုင်တိုင် ထုတ်ဝေပြီးဖြစ်သည် ။ ယခုအခါ၌ အခြေအနေအချိန်အခါနှင့် လိုက်လျောညီအောင် အနည်းငယ်ဖြည့်စွက်၍ "ကမ္ဘာပျက်ပုံ ကမ္ဘာတည်ပုံ၊ ဆုတ်ခေတ်တက်ခေတ်"ဟူသော နာမည်သစ်ဖြင့် ထပ်မံ၍ တတိယအကြိမ် ထုတ်ဝေလိုက် ခြင်းဖြစ်ပါ၏။

ရေးသားရခြင်း၏ အကြောင်း

"ဒီစာအုပ်ကို ဘာကြောင့် ရေးသားပါသလဲ" လို့ မေးခဲ့ရင် ယနေ့ မြန်

မာနဲ့ နိုင်ငံတကာမှာ ဖြစ်ပျက်နေတဲ့ သတင်းတွေကို ကြားသိနေရတဲ့ အတွက်ကြောင့် ဒီစာအုပ်ကို ရေးဖြစ်တာပါလို့ အကျဉ်းချုပ်ပြီးပြောရင် ရမည်ဟု ထင်ပါ၏။ ယနေ့ခေတ်မှာ နေ့စဉ်လိုလို ကြား သိနေရတဲ့ သတင်းတွေက... ငလျင်လှုပ်ခြင်း၊ ဆူနာမီ လှိုင်းလုံးများ ဖြစ်ပေါ်လာခြင်း၊ အနုမြူ ဓာတ်ပေါင်းဖို ပျက်စီးခြင်း၊ လေမုန်တိုင်းကျခြင်း၊ ရေကြီးခြင်း၊ မိုးကြိုး မုန်တိုင်း၊ သဲမုန်တိုင်း, နှင်းမုန်တိုင်းများကျခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ ပို့ခြင်း၊ မိုးခေါင်ခြင်း၊ ရွာပြီဆိုလျှင် လည်း လွန်လွန်ကဲကဲရွာချခြင်း၊ ပူပါပြီ ဆိုလျှင်လည်း အလွန်အကဲပူ၍ အေးပြန်ပြီဆိုလျှင်လည်း ရက်ရက် စက်စက် အအေးလွန်ကဲခြင်း စတဲ့ သဘာဝဘေးဒဏ် သတင်းတွေ၊ AIDS၊ ဆားရောဂါ၊ ကြက်တုပ်ကွေး၊ H1 N1 စတဲ့ ရောဂါန္တရကပ်ဘေး သတင်းတွေ၊ စစ်ပွဲများ ဖြစ်ခြင်း၊ အကြမ်းဖက်ခြင်း၊ အနိုင်ကျင့်ခြင်း စတဲ့ သတ္တန္တရကပ်ဘေး သတင်းတွေ အစာရေစာငတ်ပြတ်ခြင်းဆိုတဲ့ ဒုဗ္ဘိက္ခန္တရကပ်ဘေး သ တင်းတွေသာ များ နေပါတယ်၊ ဒါဟာလဲ အဆိုးမြင်ဝါဒနဲ့ ဖေါ်ပြနေတာ မဟုတ်ပါဘူး၊ လက်တွေ့ကျကျ ဆင်ခြင် သုံးသပ်နိုင်ပြီး သတိနဲ့ ကြိုတင် ပြင်ဆင်စေချင်လို့ ဖေါ်ပြ ခြင်းမျှသာ ဖြစ်ပါတယ်။ ဒီသတင်းတွေဟာ ခါတိုင်းထက် ပိုပြီး ခပ်စိတ်စိတ်ကလေး ကြားသိနေရပါတယ်။

စေတနာနဲ့ ဆန္ဒ

ဒီသတင်းတွေကို ကြားသိနေရဖန် များ လာတော့ ဒီအကြောင်းအရာတွေနဲ့ ပတ်သက်တဲ့ မြတ်ဗုဒ္ဓရဲ့ တရားတော်တွေကို သတိရလာတယ်။ ဒီတရားတွေကို စာဖတ် ပရိတ်သတ်အား အသိပေးချင်တဲ့ ဆန္ဒတွေဟာ ပြ

ငံးပြစွာ ဖြစ်လာပါတယ်။ ယနေ့ခေတ်မှာ ဖြစ်ပျက်နေ ကြတဲ့ အကြောင်း အရာတွေဟာ ဒီတရားတော်တွေ အတိုင်း ဖြစ်ပျက်နေတာပါလားလို့ လည်း သိစေချင်တယ်။

တစ်ပြိုင်နက်တည်းမှာ လည်း စာဖတ်ပရိတ်သတ် ကို ဒီဆိုးတဲ့ ဖြစ်စဉ်ကြီးအထဲမှာ မပါဝင်စေချင်ဘူး။ ဒီဆိုးတဲ့ ဖြစ်စဉ်ကြီးကို ကျော်လွှားလွန်မြောက်နိုင်ပြီး ကောင်းတဲ့ ဖြစ်စဉ်ထဲမှာ သာ ပါဝင်စေချင်ပါတယ်။ ဒီစိတ်စေတနာကြောင့် ဒီစာအုပ်ကို ရေးဖြစ်တယ်လို့ ပြောရင်လည်း မှန်ပါလိမ့်မယ်။

ဘာကြောင့် အနိဋ္ဌာရုံတွေ ကြားသိနေရသနည်း

အဘယ်ကြောင့် အထက်၌ ဖော်ပြခဲ့သော အနိဋ္ဌာရုံ အဖြစ်အပျက် သတင်းများကိုများများကြီး ကြားသိနေရ သနည်းဟု မေးလျှင် ဆုတ်ခေတ် ဖြစ်နေသောကြောင့် များများကြီး ကြားသိနေရခြင်း ဖြစ်၏။ တကယ်တော့ ဆုတ်ခေတ်ဆိုတာ ဖြစ်နေတာ ကြာပါပြီ။ သို့သော်လည်း ယနေ့ခေတ် အချိန်အခါသည် နောက်ဆုံး ဆုတ်ခေတ် ဖြစ်သည့် ဆယ်နှစ်တမ်း ရောက်ခါနီးပြီဖြစ်သော ဆုတ် ခေတ်ကြီးထဲ ကို ရောက်နေပြီဖြစ်သောကြောင့် ယခုလို အနိဋ္ဌာရုံ အဖြစ်အပျက်များကို များများကြီး ကြားသိနေရခြင်း ဖြစ်ပါ၏။

ဘာကြောင့် ဆုတ်ခေတ် ဖြစ်ရသနည်း

ဘာကြောင့် ဆုတ်ခေတ်ဖြစ်ရသနည်းဟု မေးလျှင် ကိုယ်ကျင့်တရား တွေ ဆုတ်ယုတ်နေသောကြောင့် ဆုတ်ခေတ်ဆိုတာ ဖြစ်နေရခြင်း ဖြစ် ပါ၏။ ကိုယ်ကျင့် တရား ဆုတ်ယုတ်တယ်ဆိုတာ လူတို့ သည် အကုသိုလ် ဒုစရိုက်တရားကို ကျူးလွန်ပြီး ကုသိုလ်သုစရိုက်တရား တို့ ကို ဖြည့်ကျင့်မှု နည်းနေခြင်းကို"ကိုယ်ကျင့်တရား ဆုတ်ယုတ်ခြင်း"ဟု ခေါ်၏။ ယခုခေတ်၌ လူတို့ ၏ ၄-ပုံ၊ ၃-ပုံသည် ကိုယ်ကျင့်တရား ဆုတ် ယုတ်နေကြပေပြီ။ ကိုယ်ကျင့်တရား ကောင်းမွန်သူတို့ သည် ၄-ပုံ၊ ၁-ပုံ သာ ကျန်ရှိတော့၏။ (ဝိသုဒ္ဓါရုံ အဆုံးအဖြတ်၊ ၂၉၂) ။

ဆုတ်ခတ်ဆိုတာဘာလဲ

ဆုတ်ခေတ်ဆိုတာ လူတို့ သည် ပထမဆုံး **ကိုယ်ကျင့်တရားများ ဆု တ်ယုတ်ကြ၏။** ထိုသို့ ကိုယ်ကျင့် တရားများ ဆုတ်ယုတ်ကြ သော ကြောင့် **မိုးလေဝသ ရာသီဥတုတို့ သည်** ဆုတ်ယုတ်ကြကုန်၏။ မိုးလေဝသ ရာသီဥတု ဆုတ်ယုတ်သောကြောင့် **ကောက်ပဲသီးနှံတို့ သည် အဆီသြဇာဆုတ် ယုတ်ခြင်း အညီအမျှမှ ည့်ရင့် ခြင်းမှ ဆုတ်ယု တ်ခြင်း ဖြစ်ထွန်းခြင်းမှ ဆုတ်ယုတ်ခြင်းများ** ဖြစ်ပေါ်လာတော့၏။ ထို အဆီသြဇာ ဆုတ်ယုတ် သော ကောက်ပဲသီးနှံတို့ ကို စားသုံးကြရ သောကြောင့် သတ္တဝါတို့ သည် **အသက်တမ်း** ဆုတ်ယုတ်ခြင်း,**အဆင်း** ဆုတ်ယုတ်ခြင်း, **ကျန်းမာရေး** ဆုတ်ယုတ်ခြင်းများ ဖြစ်ပေါ်လာတော့၏ ။ ထို့ကြောင့် လူတို့ ၏ အသက်တမ်း သည် တဖြည်းဖြည်းနှင့် အသင်္ချေ ယျတမ်းမှ ဆယ်နှစ် တမ်းအထိ **ဆုတ်ယုတ်သွားတော့၏ ထိုကဲ့သို့ အသ င်္ချေယျ တမ်းမှ ဆယ်နှစ်တမ်းအထိ ဆုတ်ယုတ်နေသော အချိန်ကို "**

ဆုတ်ခေတ်"ဟု ခေါ်၏။ တက်ခေတ်ကို ပြောင်းပြန် သိပါ။ ဤ အကြောင်းအရာများကို ဤစာအုပ်၌ အသေး စိတ် အကျယ်တဝင့် ဖော်ပြထားသည် ။

ဘယ်သူတွေ ဆုတ်ဆုတ် ကိုယ်မဆုတ်ယုတ်စေနဲ့

ဆုတ်ခေတ်ဖြစ်ရခြင်း၏ အဓိကအကြောင်းရင်း သည် ကိုယ်ကျင့်တရား ဆုတ်ယုတ်ခြင်းပင် ဖြစ်သည် ။ ထို့ကြောင့် အများ သူငါတွေ ဆုတ်ယုတ်နေကြသော် လည်း မိမိကိုယ်တိုင်မူ ဆုတ်ယုတ်သူ မဖြစ်ရလေအောင် အကုသိုလ် ဒုစရိုက်ကို ရှောင်ရှား၍ ကုသိုလ်သုစရိုက် များကို ကြိုးစား၍ လိုက်နာကျင့်သုံး နေထိုင်ရမည်။ ဤကဲ့သို့ လိုက်နာကျင့် သုံးနေထိုင်ကြမည်ဆိုလျှင် သူတစ်ပါးတွေ ဆုတ်ယုတ်နေ ကြသော်လည်း မိမိ ကိုယ်တိုင်ကမူ ဆုတ်ယုတ်သူမဖြစ်ဘဲ တိုးတက်နေသူ သာ ဖြစ်နေပေမည်။ ထိုကဲ့သို့ လိုက်နာကျင့် သုံးနေထိုင် မည်ဆိုလျှင် ယနေ့ခေတ်တွင် တွေ့ကြုံနေရသော အနိဋ္ဌာရုံအဖြစ်ဆိုး တို့ ကိုလည်း ကျော်လွှားလွန်မြောက် နိုင်မည်ဖြစ်ပေသည် ။ ဤကဲ့သို့ ဖြစ်စေချင်သော စေတနာကြောင့် ဤစာအုပ်ကို ရေးသားထုတ်ဝေခြင်း ဖြစ်ပ၏။ တစ်နည်းအားဖြင့်ဆိုရသော် လူသားတို့ ၏ နှလုံးသား၌ ကုသိုလ်သုစရိုက်တရားများ ထွန်းကားစေလိုသော ကြောင့် ဤစာအုပ်ကို ရေးသားထုတ်ဝေရခြင်း ဖြစ်ပါ၏။

အဓိကမှီငြမ်းသည့် ကျမ်းစာအုပ်များ

ဒီစာအုပ်ကို ရေးသားရာမှာ မိမိရဲ့ ဥပဇ္ဈာယ် ဆရာရင်း ဖြစ်တော်မူတဲ့ အမရပူရမြို့၊ မဟာဂန္ဓာရုံ ကျောင်းတိုက်ကြီးကို တည်ထောင်ဖန်ဆင်းတော်မူသွား သော ဘာသာဋီကာကျမ်းပြုအကျော် ကျေးဇူးရှင် ဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ ရေးသား တော်မူသည့် သင်္ကြိုဟ်ဘာသာဋီကာနဲ့ သုတ်ပါထေယျ ပါဠိ၊ အဋ္ဌကထာ၊ သုတ်မဟာဝါပါဠိ၊ အဋ္ဌကထာ၊ ဗုဒ္ဓ၏ လူ့သမိုင်း(ကထိကရဟန်း) တို့ ကို အဓိက မှီငြမ်း၍ ရေးသား ထားတာဖြစ်ပါတယ်။

ဖတ်ရှုလေ့လာရမည့် အကြောင်းအရာများ

ဒီစာအုပ်တွင် ... ကမ္ဘာပျက်ပုံ၊ ကမ္ဘာတည်ပုံ၊ ကမ္ဘာပျက်မှာ ကို ကြို့တင်သိနိုင်သလား၊ နှစ်ပေါင်းဘယ် လောက်ကနေ ကြို့တင်သိနိုင်သလဲ၊ အမေရိကားနိုင်ငံရှိ မာယာလူမျိုးတို့ ၏ ပြက္ခဒိန်အရ ကမ္ဘာပျက်တော့မည်ဆို တဲ့ ကြို့တင်ဟောကိန်း ဖြစ်နိုင်၊ မဖြစ်နိုင် သုံးသပ်ချက်။ ကမ္ဘာပျက်မည့်နေ့ အတိအကျ၊ ကမ္ဘာပျက်မှာ ဟာ ကြောက်စရာ ကောင်းသလား၊ လူသား စတင်ပေါ်ပေါက် လာပုံ၊ ကမ္ဘာဦး လူသားတို့ ရဲ့ စွမ်းပကားများ ၊ လူသား ဖြစ်ပေါ်လာပုံနှင့် ပတ်သက်၍ သိပ္ပံအယူအဆနှင့် ဗုဒ္ဓဝါဒနှိုင်းယှဉ်ချက်၊ ဘိုးဘွားတို့ ဘာကြောင့် ရဝိန္ဒူ ဒဿန(နေ၊ လ ပြတဲ့ မင်္ဂလာကို ကျင်းပပြုလုပ်လေ့ ရှိခဲ့ကြသလဲ၊ ဘယ်အချိန်ကျမှ ယောကျ်ားမိန်းမရယ်လို့ ကွဲကွဲပြားပြား ထင်ထင် ရှားရှား ဖြစ်ပေါ်လာပါသလဲ။ စကြာမင်းအကြောင်း၊ စကြာမင်း ကျင့်ဝတ် (၁၀)ပါး၊ စကြာမင်းတို့

အုပ်ချုပ်ပုံ၊ စကြာမင်းပြဋ္ဌာန်းတဲ့ ဥပဒေ ငါးမျိုးသာရှိပုံ၊ လူဦးရေ များပြားသော်လည်း သာယာ ဝပြော အစာပေါရခြင်းရဲ့ အကြောင်းတရား များ ၊ စကြာ ရတနာနှင့် ပတ်သက်သည့် မှတ်သားဖွယ်ရာများ ၊ စကြာ ရတနာ၏ ပုံသဏ္ဌာန်၊ ဆင်ဖြူတော်ရတနာ စသော ရတနာခုနစ်ပါး အကြောင်း၊ ကမ္ဘာမှာ ပထမဆုံးကျူး လွန်တဲ့ ဒုစရိုက်ကဘာလဲ၊ လိင် တူချင်း စိတ်ဝင်စားသူ (Gay, Lesbian, Bisexual)op: pucao mo ကစ၍ ပေါ်ပေါက် လာခဲ့ပါသလဲ၊ ကမ္ဘာမှာ ပထမဆုံး သမ္မတကြီးရဲ့ နာမည် ဘယ်လိုခေါ်သလဲ၊ ဆုတ်ကပ်, တက်ကပ်အကြောင်း၊ ဆယ်နှစ်တမ်း အခြေအနေ၊ ကပ်ကြီးသုံးပါးအကြောင်း၊ ကမ္ဘာပျက်မှာ နဲ့ ဆယ်နှစ် တမ်းမှာ လူဖြစ်ရတာ ဘယ်ဟာကသာ၍ ကြောက်စရာ ကောင်းသလဲ၊ "ပုဂ္ဂိုလ်တစ်ယောက်ဟာ မြင့်မြတ်သူ ဖြစ်တယ်၊ ယုတ်ညံ့သူဖြစ်တယ်" ဆိုတာကို ဘယ်ပေတံ နဲ့ တိုင်းတာ၍ ဆုံးဖြတ်မလဲ၊ မိမိသည် ပင် မိမိရဲ့ အရှင် သခင် ဖန်ဆင်းရှင်ဖြစ်နေအောင် ဘယ်လိုကြိုးစားရ မှာ လဲ၊ မေတ္တာယျဘုရား ရှင် ဘယ်အချိန်မှာ ပွင့်တော်မူ မလဲ၊ ဆုတ်ကပ် တက်ကပ် နှစ်မျိုးတွင် ဆုတ်စာ ဘုရားပွင့်တော်မူရခြင်း အကြောင်း၊ ထိုဆုပ်ကပ်မှာ လဲ အသက်တမ်းတစ်ရာနဲ့ တစ်သိန်းတမ်းအတွင်းမှာ သာ ဘုရားပွင့်တော်မူ ရခြင်းအကြောင်း စတဲ့ မေးခွန်းများ ရဲ့ အဖြေများ နဲ့ ဗဟု သုတဖြစ်ဖွယ်ရာ အကြောင်းအရာ များကို ဖတ်ရှုလေ့လာနိုင်မှာ ဖြစ်ပါတယ်။

တိုက်တွန်းပါရစေ

စာဖတ်ပရိတ်သတ်များ အနေနဲ့ ဤစာအုပ်ပါ မြတ်စွာဘုရား၏ တရားတော်များကို ဖတ်ရှုလေ့ လာပြီး အနိဋ္ဌာရုံ အဖြစ်ဆိုးတွေကို

ကျော်လွှားလွန် မြောက်နိုင် အောင်, အများ သူငါတွေ ဆုတ်ယုတ်နေကြ သော်လည်း မိမိကိုယ်တိုင်ကမူ ဆုတ်ယုတ်သူ မဖြစ်စေဘဲ တိုးတက် နေသူ ဖြစ်ရလေအောင် အကုသိုလ်ဒုစရိုက်ကို ရှောင်ရှားနိုင်ကြပါစေ။ ကုသိုလ် သုစရိုက်ကို ကျင့်သုံးနိုင်ကြပါစေ။ သတ္တဝါတိုင်း၏ နှလုံးသား၌ ကုသိုလ် သုစရိုက်တရားများ ထွန်းကားကြပါစေဟု ဆန္ဒပြုလိုက် ပါ၏။

အရှင်ဝိဇယာလင်္ကာရ

B.A (Hons), H.GP

ပရိယတ္တိသာသနာလင်္ကာရသာမဏေကျော်

သာသနဓဇမဟာစရိယ

မဟာဂန္ဓာရုံကျောင်းတိုက်

ကမ်းနားလမ်း၊ ဒဂုံ(ဆိပ်ကမ်းမြို့နယ်

ရန်ဘုန်မြို့၊ ဖုန်း - ၀၉-၂၅၉၃၃၃၉

(၁၉-၉-၂၀၁၁)

*****